# CSR နှင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း

CSR ဆိုသည်မှာ "လူမှုအသိုက်အဝန်းအပေါ် စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု"ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်သည် CSR နှင့် ပတ်သက်ပြီး ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလတွင် ဥရောပသမဂ္ဂ (အီးယူ)က ချမှတ်ခဲ့သော မူဝါဒတွင် ဖော်ပြထားသည့် အဓိပ္ပာယ်နှင့် အညီဖြစ်ပါသည်။ ၎င်းတို့သည် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ မူဘောင်စည်းမျဉ်းများ (UN Guiding Principle on Business and Human Rights)၊ UN Global Compact၊ နိုင်ငံတကာလုပ်ငန်းကြီးများအတွက် OECD ၏ လမ်းညွှန်များကို အဓိကကျသော အကိုးအကားများအဖြစ် ညွှန်းဆိုထားသည်။

## 'တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆိုတာ' ဘယ်လိုမျိုးလဲ

စီးပွားရေးလုပ်ငန်းများသည် အမျိုးမျိုးကွဲပြားကြသည်။ သို့သော်လည်း အောက်တွင်ဖော်ပြထားသည့် အချက်များသည် တာဝန်ရှိယူမှုရှိသော စီးပွားရေးလုပ်ငန်းတစ်ခု၏ လက္ခဏာရပ်အချို့ဖြစ်သည်ဟု MCRB ယူဆသည်။

- ဥပဒေကို လေးစားလိုက်နာခြင်း
- လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်း
- အဂတိလိုက်စားမှုကိုရှောင်ကြဉ်ရန်ကတိကဝတ်ပြုလုပ်ဆောင်ခြင်းနှင့် လက်ဖက်ရည်ဖိုး (သို့) လာဘ်မပေးခြင်း
- အခွန်များကို ကျေပွန်စွာပေးဆောင်ခြင်း
- မိမိဝန်ထမ်းများကို လေးစားခြင်း
- သဘာဝပတ်ဝန်းကျင်ကိုလေးစားခြင်း
- အခြားစီးပွားရေးလုပ်ငန်းများကို တာဝန်ယူမှုရှိစွာ ဆက်ဆံခြင်း
- မိမိ၏ ဖောက်သည်များကို တာဝန်ယူမှုရှိစွာဆက်ဆံခြင်း
- ပွင့်လင်းမြင်သာမှုရှိခြင်း
- သက်ဆိုင်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

အချို့သော စီးပွားရေးလုပ်ငန်းများသည် လူမှုရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်း (သို့) အခြားသော ကော်ပိုရိတ်လူမှုတာဝန်ယူမှုများ သို့မဟုတ် ပရဟိတလုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ လူမှုတာဝန်ယူမှုကို လုပ်ဆောင်ကြသည်။

## နောက်ခံအကြောင်း

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) သည် ယူကေအခြေအစိုက် IHRB နှင့် ဒိန်းမတ်လူ့အခွင့်အရေးအဖွဲ့ DIHR တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွဲ့စည်းထားသည့် ရန်ကုန်အခြေစိုက် အဖွဲ့အစည်းဖြစ်ပြီး ယူကေ၊ ဒိန်းမတ်၊ နော်ဝေ၊ ဆွစ်ဇာလန်၊ နယ်သာလန်နှင့် အိုင်ယာလန်တို့က ရန်ပုံငွေများ ထောက်ပံ့ပေးထားသည်။

တာဝန်ယူမှု ပိုရှိသော စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး အသိပညာ၊ စွမ်းဆောင်ရည်နှင့် စကားဝိုင်းများဖန်တီးရန်အတွက် ထိရောက်မှုရှိပြီး တရားဝင်မှုရှိသော လမ်းကြောင်းတစ်ခု ပေါ်ထွန်းစေရန် ဌာနကို ၂၀၁၃ ခုနှစ်တွင် ထူထောင်ခဲ့ခြင်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက် လူ့အဖွဲ့အစည်း၊ အစိုးရတို့နှင့်အတူ ဘက်လိုက်မှုမရှိဘဲ လုပ်ကိုင်ဆောင် ရွက်နေသည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။

**www.myanmar-responsiblebusiness.org**
**www.mcrb.org .mm**


**ဗစ်ကီဘိုမန် ၊ ဒါရိုက်တာ**
vicky.bowman@myanmar-responsiblebusiness.org

**နှင်းဝတ်ရည်**
**တာဝန်ခံ-သုတေသနနှင့် အရပ်ဘက်အဖွဲ့အစည်း**
hninwut.yee@myanmar-responsiblebusiness.org

**ဝေဖြိုးမြင့်**
**တာဝန်ခံ-ဒေသဆိုင်ရာ ဆက်ဆံရေး**
waiphyo.myint@myanmar-responsiblebusiness.org

**ဖြူဖြူဇင်**
**အရာရှိ-စီမံကိန်းနှင့် ဆက်သွယ်ရေး**
phyuphyu.zin@myanmar-responsiblebusiness.org


# Myanmar Centre for Responsible Business




## ထူထောင်သူများ

Institute for Human Rights and Business

THE DANISH INSTITUTE FOR HUMAN RIGHTS

## လတ်တလောရန်ပုံငွေထောက်ပံ့သည့် အဖွဲ့အစည်းများ

UKaid

norway

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera

Danida

Irish Aid
Department of Foreign Affairs
An Roinn Gnóthaí Eachtracha

Government of the Netherlands


မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB)
အမှတ် (၁၅) ရှမ်းရိပ်သာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာ။
ဖုန်း/ဖက်စ်- +၉၅ ၁ ၅၁၀၀၆၉

## ပွင့်သစ်စ စီမံချက် (TiME)

ပွင့်သစ်စ စီမံချက် (Transparency in Myanmar Enterprises-TiME) သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ လူ့အခွင့်အရေး၊ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နယ်ပယ်များတွင် မြန်မာ့စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုကို တိုးမြင့်အောင် တိုက်တွန်းအားပေးရန် ရည်ရွယ်သည်။ စီမံချက်အရ ၎င်းတို့ ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များအပေါ် မူတည်ပြီး မူဘောင်တစ်ခု အသုံးပြုကာ ကုမ္ပဏီများအား အမှတ်ပေးခြင်းဖြစ်သည်။

ကုမ္ပဏီများ၏ တရားဝင်ဝဘ်ဆိုဒ် သို့မဟုတ် အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာများပေါ်တွင် သတင်းအချက်အလက်များ မည်မျှထုတ်ပြန်ထားသည်ကို သိရှိရန် မြန်မာထိပ်တန်းကုမ္ပဏီ ၁၀၀ ခန့်အား ၂၀၁၅ တွင် စီမံချက်က လေ့လာခဲ့သည်။ ယခု သုတေသနအတွက် ကုမ္ပဏီများ ရွေးချယ်ရာတွင် အဓိကအားဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပြန်ထားသည့် ဝင်ငွေခွန် အများဆုံးပေးဆောင်သော ထိပ်ဆုံးကုမ္ပဏီ ၁၀၀ နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်သော ထိပ်ဆုံးကုမ္ပဏီ ၁၀၀ စာရင်းများမှလုပ်ငန်းပမာဏကြီးမားသော ပြည်တွင်းကုမ္ပဏီများကို ရွေးချယ်ထားသည်။ ယင်းစာရင်းနှစ်ခုထဲတွင် မပါဝင်သော လုပ်ငန်းပမာဏကြီးမားသည့် ပြည်တွင်းထိပ်တန်းကုမ္ပဏီများကိုလည်း ထပ်မံပေါင်းထည့်ထားသည်။ MCRB ၏ ကနဦးသုတေသနပြီးနောက် ယင်းတို့၏ ဝဘ်ဆိုဒ်များတွင် MCRB က တွေ့ရှိခဲ့သည်များကို ကုမ္ပဏီများနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ သတင်း အချက်အလက်များ ပိုမိုထုတ်ပြန်ရန် ယင်းတို့အား တိုက်တွန်းခဲ့ကာ အကယ်၍ ထိုမူဝါဒများကို ကျင့်သုံးမှုမရှိသေးလျှင် ကျင့်သုံးရန်လည်း တိုက်တွန်းခဲ့သည်။ ယင်းတို့၏ ဝဘ်ဆိုဒ်များကို နောက်ဆုံးအကြိမ် လေ့လာကြည့်ရှုခဲ့ပြီးနောက် ရလဒ်ဇယားကို ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သည်။ လေ့လာမှုကို ၂၀၁၆ တွင်လည်း ထပ်မံပြုလုပ်သွားမည် ဖြစ်သည်။ ယင်းအစီအရင်ခံစာကို ကျွန်ုပ်တို့၏ ဝဘ်ဆိုဒ်တွင် ရယူနိုင်ပါသည်။

PWINT THIT SA PROJECT
Transparency in Myanmar Enterprises

## MCRB ၏ အဓိက ဆောင်ရွက်ချက်များ



တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး အသိပညာဖွံ့ဖြိုးရန် ကိုယ်တိုင်ကိုယ်ကျပါဝင်သည့် နည်းလမ်းတစ်ရပ်ဖြင့် MCRB က ကြိုးပမ်းလျက်ရှိသည်။ မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသော စီးပွားရေးကဏ္ဍဆိုင်ရာ အချက်အလက်များ၊ လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရသည့် အကြောင်းအရာများအတွက် ဘုံနားလည်မှုတစ်ရပ်ကို မိမိတို့က တည်ဆောက်သွားလိုသည်။ MCRB အနေဖြင့် စီးပွားရေးကဏ္ဍ၊ အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် အစိုးရတို့ကြား ဆွေးနွေးပွဲစကားဝိုင်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် အခင်းအကျင်း တစ်ခုကို ထောက်ပံ့ပေးလိုပါသည်။

မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း အလေ့အထများ အကောင်အထည်ဖော်ရာတွင် ၎င်းတို့၏ သက်ဆိုင်ရာ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်များ တည်ဆောက်ရေးကို မိမိတို့က အကူအညီများပေးလျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝသက်ရောက်မှု လေ့လာဆန်းစစ်မှုများ (ESIA) နှင့် CSR လုပ်ငန်းစဉ်များကဲ့သို့ မူဝါဒနှင့်စည်းကြပ်ရေး ကိစ္စရပ်များအပေါ် မူဝါဒပိုင်းဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုတွင်လည်း မိမိတို့က ပါဝင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူ့အခွင့်အရေး အခင်းအကျင်းများနှင့် ပတ်သက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကိုလည်း ကနဦး(အခမဲ့)အကြံပေးမှုများကိုလည်း ပြုလုပ်လျက်ရှိသည်။ နိုင်ငံခြားနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းများကို ဆီလျော်အပ်စပ်ရာ ပြည်တွင်းရှိ သက်ဆိုင်သူများ၊ ကနဦးလုပ်ဆောင်မှုများနှင့် ဆက်သွယ်ပေးခြင်းများကို ပြုလုပ်သလို ၎င်းတို့၏ နားလည်မှု ပိုမိုနက်ရှိုင်းစေရန် ၎င်းတို့အား အထောက်အကူပေးနိုင်မည့် ကျွမ်းကျင်သော ဝန်ဆောင်မှုများနှင့် ချိတ်ဆက်နိုင်ရန်လည်း အကြံပြုပေးလျက်ရှိသည်။ ဒေသန္တရလုပ်ငန်းများ (အဓိကအားဖြင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ-SMEs) CSR ကို ပိုမိုနားလည်လာစေရန်နှင့် ယင်းတို့နှင့် လုပ်ကိုင်ဆောင်ရွက်ရန် ရန်ကုန်တွင်သာမက နယ်မြို့နယ်များသို့ပါ ဖြန့်ကျက်မည့် CSR ကွန်ရက်တစ်ခုထူထောင်ရန်လက်တွဲဆောင်ရွက်မည့်သဘောတူညီချက်တစ်ရပ်ကို Myanmar Business Coalition on Aid (MBCA) နှင့် MCRB တို့က ဇန်နဝါရီ ၂၀၁၄ တွင် သဘောတူခဲ့ကြသည်။ ယင်းသဘောတူညီချက်သည် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းအတွက် ဒေသန္တရအဆင့်နှင့် နိုင်ငံတော်အဆင့်ညွန့်ပေါင်းအဖွဲ့များ တည်ဆောက်ရေးသို့ ဦးတည်သွားလိမ့်မည်ဟု မိမိတို့မျှော်လင့်ထားသည်။

## စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း (SWIA)

SWIA သည် ကောင်းစွာအခြေခိုင်ပြီးဖြစ်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း (EIA) နှင့် လူမှုဘဝသက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း (SIA) တို့၏ လုပ်ငန်းစဉ်များအပေါ် အခြေခံထားသကဲ့သို့ EIA/SIA ၏ စနစ်တကျ ဆောင်ရွက်ပုံနည်းအဆင့်ဆင့်တို့ကို အခြေခံသော လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်းပေါ်တွင်လည်း အခြေခံထားကာ ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုများအား လူ့အခွင့်အရေးရှုထောင့်မှ လေ့လာသည်။

စီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းအဆင့်များမှစတင်၍ သီးခြားစီမံကိန်း တစ်ခုချင်းစီအပေါ် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးသက်ရောက်မှုများအား နားလည်သဘောပေါက်ရန်၊ ဟန့်တားရန်၊ လျှော့ချရန်အတွက် လက်ရှိ ရှိနှင့်ပြီးသော သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်းဆိုင်ရာ နည်းလမ်းများကို အသုံးပြုသည်။ SWIA သည် စီမံကိန်းတစ်ခုချင်းစီအလိုက် လေ့လာခြင်းအစား ကဏ္ဍတစ်ခုလုံးတွင် ပြည်တွင်း သို့မဟုတ် ပြည်ပစီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုရှိလာနိုင်သော အလားအလာများအပေါ် ပိုမိုကျယ်ပြန့်ပြီး အနာဂတ်ကိုရှေးရှုသော လေ့လာသုံးသပ်မှုနည်းစနစ်အား ရှုမြင်ဖော်ထုတ်ထားခြင်း ဖြစ်သည်။ များစွာသော စီမံကိန်းအဆင့် အခြေပြုသက်ရောက်မှုလေ့လာဆန်းစစ် ခြင်းများကဲ့သို့ မဟုတ်ဘဲ ပြုလုပ်ပြီးစီးသွားသော အသီးသီး၏ ရလဒ်များသည် အနာဂတ်တွင် ကုမ္ပဏီများက ပြုလုပ်မည့် သက်ရောက်မှု လေ့လာဆန်းစစ်ခြင်းများအတွက် အကိုးအကားတစ်ခုဖြစ်မည်ဟု မျှော်လင့်ထားပါသည်။

MCRB က ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ (၂၀၁၄)၊ ခရီးသွားလုပ်ငန်းကဏ္ဍ (၂၀၁၅) နှင့် ICT ကဏ္ဍ (၂၀၁၅) တို့တွင် သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း (SWIA) များ ပြုလုပ်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင်လည်း သတ္တုတွင်းကဏ္ဍအတွက် သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း (SWIA) ဆက်လက်လုပ်ဆောင်မည် ဖြစ်သည်။ အဆိုပါ ကဏ္ဍများအား ရွေးချယ်သည့်အချက်များမှာ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဆိုပါကဏ္ဍများ၏ အကျုံးဝင်မှု၊ အဆိုပါကဏ္ဍများမှ ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုများနှင့် အဆိုပါကဏ္ဍများသည် အခြားကဏ္ဍများအပေါ် အပြန်အလှန် သက်ရောက်နိုင်ခြင်းများကြောင့် ဖြစ်ပါသည်။ ယင်းအစီရင်ခံစာ အားလုံးကို MCRB website တွင်ရယူနိုင်ပါသည်။

Sector-Wide Impact Assessments